6/9/2021

## လူဝင်မှုကြီးကြပ်ရေး ဥပဒေရေးရာစင်တာ (Minnesota)
## ၂၅ နှစ်ကြာမိသားစုများကိုထောက်ပံ့ခြင်းနှင့် လူမှုအသိုင်းအဝိုင်းများကို ပံ့ပိုးပေးခြင်းအစီအစဉ်

**အချက်အလက်စာတမ်း**

မြန်မာနိုင်ငံအတွက် (ယာယီ)ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာအထောက်အထားလက်မှတ် (TPS)

မတ်လ၊ ၁၂ရက်၊ ၂၀၂၁ခုနှစ် သောကြာနေ့တွင် အမိမြေလုံခြုံရေးဌာန အတွင်းရေးမှူး Alejandro N. Mayorkas မှ ၁၈လကြာ မြန်မာနိုင်ငံအတွက် (ယာယီ)ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာအထောက်အထားလက်မှတ်လျှောက်ထားခွင့်ကို သတ်မှတ်ပြဋ္ဌာန်းသည်။

ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ခုနှစ် အာဏာသိမ်းခြင်းနှင့် ဆန္ဒပြပြည်သူများကို နှိမ်နင်းခြင်းများကို တုန့်ပြန်နိုင်ရန်အတွက် စီစဉ်ချမှတ်လုပ်ဆောင်သည်။

### (ယာယီ) ကာကွယ်စောင့်ရှောက်ပေးခြင်းဆိုင်ရာအခွင့်အလမ်းဆိုသည်မှာ အဘယ်နည်း။

အမိမြေလုံခြုံရေး အတွင်းရေးမှူးဌာနအနေဖြင့် သက်ဆိုင်ရာတိုင်းနိုင်ငံများအလိုက် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအားဖြင့်သော်လည်းကောင်း၊ နောက်ဆက်တွဲအကျိုးဆက်များအားဖြင့်သော်လည်းကောင်း မိမိနေရပ်သို့ လုံခြုံစွာပြန်လည်အခြေချနေထိုင်နိုင်ခြင်းမရှိသေးတဲ့သူများကို ကူညီထောက်ပံ့နိုင်ရန်အတွက် (ယာယီ) ကာကွယ်စောင့်ရှောက်ပေးခြင်းဆိုင်ရာအထောက်အထားလက်မှတ်(TPS)ကို သတ်မှတ်တိုင်းနိုင်ငံများအလိုက် သတ်မှတ်ပြ ဌာန်းခဲ့သည်။

(ယာယီ) ကာကွယ်စောင့်ရှောက်ပေးခြင်းဆိုင်ရာလျှောက်ထားခွင့်(TPS) သတ်မှတ်ကာလအတွင်း TPS ကိုင်ဆောင်သူများသည် အမေရိကန်နိုင်ငံအတွင်းနေထိုင်နိုင်ပြီး၊ မိမိတို့၏လူဝင်မှုကြီးကြပ်ရေးအခြေအနေများပေါ်မူတည်၍ အမိမြေလုံခြုံရေးဌာန၏ ကန့်သတ်ထိမ်းချုပ်မှုများမှ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။ TPS ကိုင်ဆောင်သူများသည် အလုပ်လုပ်ခွင့်လက်မှာ (EAD)နှင့် ခရီးသွားလာခွင့် ခွင့်ပြုချက်များကိုလည်း လျှောက်ထားနိုင်ခွင့်ရမည်ဖြစ်သည်။

### မြန်မာနိုင်ငံအတွက် TPS လျှောက်ထားနိုင်သူများအတွက် သတ်မှတ်ချက်များ-

ယခုအသစ်ပြဋ္ဌာန်းချက်ပါ မြန်မာနိုင်ငံသားများနှင့် သီးခြားနိုင်ငံသားမဟုတ်သောသူများအတွက် TPS လျှောက်လွှာလျှောက်ထားရာ၌-

(၁) အမေရိကန်သို့မရောက်လာမှီ မြန်မာနိုင်ငံတွင်း၌ နေထိုင်သူဖြစ်ရမည်။

(၂) ၂၀၂၁ ခုနှစ် မတ်လ ၁၁ရက်နေ့မှစ၍ အမေရိကန်နိုင်ငံအတွင်း၌ နေထိုင်နေသူဖြစ်ရမည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် အမေရိကန်နိုင်ငံမှ ထွက်ခွာခဲ့လျှင် လူဝင်မှုကြီးကြပ်ရေးရှေ့နေမှတဆင့် တင်ပြရမည်ဖြစ်သည်။

**သတ်မှတ်ပြဋ္ဌာန်းချက်ကာလနှင့် လျှောက်လွှာလျှောက်ထားခြင်းကာလခြားနားချက်**

တစ်ဦးခြင်း TPS လျှောက်ထားမှုအပေါ်အခြေခံ၍ လျှောက်လွှာလျှောက်ထားခြင်းကာလကို သတ်မှတ်သည်။ မြန်မာနိုင်ငံသားများအနေဖြင့် လျှောက်ထားခြင်းဖြစ်စေ၊ တသီးပုဂ္ဂလလျှောက်ထားခြင်းဖြစ်စေ ၂၀၂၁ခုနှစ် မေလ ၁၅ ရက်နေ့မှ ၂၀၂၁ခုနှစ် နိုဝင်ဘာလ ၂၂ရက်နေ့ထိလျှောက်ထားနိုင်သည်။

သတ်မှတ်ပြဋ္ဌာန်းချက်ကာလမှာ TPS ကာလနှင့် TPS လုပ်ငန်းစဉ်များအတိုင်း တရားဝင်တည်ရှိသ၍ဖြစ်ပြီး၊ မြန်မာနိုင်ငံသား TPS လျှောက်ထားသူများအနေဖြင့် ၂၀၂၁ခုနှစ် မေလ ၂၅ရက်နေ့မှာ ၂၀၂၁ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ထိ တရားဝင်ဖြစ်မည်ဖြစ်သည်။

**မြန်မာနိုင်ငံဆိုင်ရာ TPS လျှောက်လွှာကို မည်သူများလျှောက်ထားနိုင်သနည်း။**

အခြားနိုင်ငံအတွင်း၌ တရားမဝင်နေထိုင်သော မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံအတွင်း၌ နောက်ဆုံးအခြေချနေထိုင်ပြီး နိုင်ငံသားမရှိသောသူများ၊ အမေရိကန်နိုင်ငံအတွင်းနေထိုင်ပြီး TPSလျှောက်ထားခွင့်ရှိသောသူများ (အဆိုပါလျှောက်ထားသူများအနေဖြင့် အမေရိကန်နိုင်ငံအတွင်း ၂၀၂၁ခုနှစ် မတ်လ ၁၁ရက်နေ့မှစ၍ ပုံမှန်နေထိုင်နေကြောင်း အထောက်အထားတင်ပြရမည်။) လျှောက်ထားနိုင်သည်။

TPSလျှောက်ထားရန် စိတ်ဝင်စားသူများအနေဖြင့် U.S. Citizenship and Immigration Services ရုံးသို့ ၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက်နေ့ အမှီလျှောက်ထားရမည်။ အလုပ်လုပ်ခွင့်လက်မှတ် ()နှင့် ခရီးသွားလာခွင့်လက်မှတ်တို့ကိုလည်း တပါတည်းလျှောက်ထားရမည်။ TPS လျှောက်ထားသူတိုင်းသည် သတ်မှတ်ချက်များအတိုင်း လုံခြုံရေးနှင့် နောက်ခံကိုယ်ရေးအချက်အလက်များကို စစ်ဆေးခံယူရမည်ဖြစ်သည်။ လျှောက်လွှာပုံစံနှင့် လိုအပ်သောအချက်အလက်များကို Federal Register Notice (FRN) ၌ရှာဖွေရယူနိုင်သည်။

**TPS သက်တမ်းအား အလိုလျှောက်တိုးနိုင်ပါသလား။**

မတိုးနိုင်ပါ။ လျှောက်ထားသူများအနေဖြင့် ထပ်မံလျှောက်ထားရမည်။ သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရဖြစ်ပြီး၊ လူဝင်မှုကြီးကြပ်ရေးစံချိန်၊ စံညွှန်းများကို ဖြေဆိုအောင်မြင်ရမည်ဖြစ်သည်။ လျှောက်ထားသူများအနေဖြင့် အချို့အချက်အလက်များနှင့် ငြိစွမ်းနေပါက TPS ကိုလျှောက်ထားခွင့်မရနိုင်ပါ။ သာဓကအားဖြင့် ပြစ်မှုဆိုင်ရာရာဇဝတ်မှုများ၌ ကိုယ်တိုင်ကိုယ်ကျပါဝင်သူများ (သို့မဟုတ်) အခြားသောသူများအား လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်သူများအနေဖြင့် TPSကို လျှောက်ထားခွင့်မရနိုင်ပါ။ တိကျစွာသတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ခွင့်ပြုချက်မရသော TPS လျှောက်ထားသူများအနေဖြင့် အတည်မပြုမှီ ပယ်ဖျက်ခြင်းခံရနိုင်သည်။ သို့ဖြစ်ပါ၍ ထိုလျှောက်ထားမှုသည် ရှုပ်ထွေးခက်ခဲနိုင်သောကြောင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရှေ့နေများဖြင့် လုပ်ဆောင်သင့်ကြောင်း အကြံပြုအပ်ပါသည်။

**TPS လုပ်ငန်းစဉ်အားဖြင့် တစ်ဦးချင်းစီအလိုက် အချိန်မည်မျှကြာကြာ ကာကွယ်စောင့်ရှောက်မှုရရှိနိုင်ပါသလဲ။**

TPS လုပ်ငန်းစဉ်သည် ယာယီအစီအစဉ်တခုသာဖြစ်သည်။ အမိမြေလုံခြုံရေးဌာန အတွင်းရေးမှူး Alejandro N. Mayorkas ၏ခွင့်ပြုချက်ဖြင့် ၁၈လကြာသတ်မှတ်ထားပြီး၊ ၂၀၂၂ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ထိဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြေအနေပေါ်မူတည်၍ သက်တမ်းတိုးခြင်း/ မတိုးခြင်းကို ၂၀၂၂ခုနှစ် စက်တင်ဘာလတွင် ပြန်လည်ဆုံးဖြတ်မည်ဖြစ်သည်။

**လျှောက်ထားသူအနေဖြင့် ၂၀၂၁ မတ်လ ၁၁ရက်နေ့မတိုင်မှီ အမေရိကန်တွင် နေထိုင်ခဲ့သော်လည်း၊ ပြည်ပတိုင်းပြည်တခုသို ကာလတို ပြန်လည်ထွက်ခွာခဲ့ပြီးနောက် TPS လျှောက်ထားခွင့် ရှိ/မရှိ**

လျှောက်ထားသူ၏ အမေရိကန်ပြည်ပတွင် နေထိုင်သည့် အချိန်ကာလအပိုင်းအခြားပေါ်မူတည်၍ လျှောက်ထားခွင့် ရကောင်းရနိုင်ပါသည်။ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရှေ့နေများနှင့် မိမိအခြေအနေကို တိုင်ပင်ဆွေးနွေးကြည့်ရန် အကြံပြုအပ်သည်။

**မိမိအနေဖြင့် မြန်မာနိုင်ငံသားဖြစ်ပြီး အမေရိကန်နိုင်သို့ ဒုက္ခသည်အဖြစ်လာရောက်အခြေချနေထိုင်နေသည့်အတွက် TPS ကိုလျှောက်ထားဖို့ရန် လိုအပ်ပါသလား။**

မလိုအပ်ပါ။ အမေရိကန်သို့ ဒုက္ခသည်အဖြစ်လာရောက်နေထိုင်သောသူများအနေဖြင့် တရားဝင်နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ကို ရရှိထားပြီး (၁)နှစ်ကြာသည့်နောက် အမြဲတမ်းအခြေချနေထိုင်ခွင့်ကို လျှောက်ထားနိုင်သည်ဖြစ်သည်။ ထိုသူများအနေဖြင့် TPS လျှောက်ထားရန် မလိုအပ်ပေ။

**မိမိအနေဖြင့် မြန်မာနိုင်ငံသားဖြစ်ပြီး၊ အမြဲတမ်းအခြေချနေထိုင်ခွင့် (Green Card)ကိုရရှိထားပြီးနောက် TPS ကို လျှောက်ထားဖို့ရန်လိုအပ်ပါသလား။**

မလိုအပ်ပါ။ အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူသည် အမေရိကန်နိုင်ငံအတွင်း တရားဝင်နေထိုင်နိုင်ပြီး၊ နိုင်ငံသားဖြစ်ခွင့် တစိတ်တပိုင်းရရှိထားပြီဖြစ်သည့်အတွက် TPS လျှောက်ထားရန် မလိုအပ်သကဲ့သို့၊ လျှောက်ထားခွင့်လည်းရမည်မဟုတ်ပါ။

**မိမိအနေဖြင့် မြန်မာနိုင်ငံသားဖြစ်ပြီး၊ ပြည်နှင်ဒဏ်ခံရသည့် အခြေအနေတွင်ရှိနေလျှင်၊ ပြည်နှင်ဒဏ်ခံရခြင်းကို ရှောင်းရှားနိုင်ရန်အတွက် TPS ကိုလျှောက်ထားခွင့်ရနိုင်ပါသလား။**

လျှောက်ထားနိုင်ပါသည်။ ဖယ်ရှားခံရသူတစ်ဦးအနေဖြင့် အဆိုပါကာလအတွင်း TPS ကိုလျှောက်ထားနိုင်ပါသည်။ TPS လျှောက်ထားခြင်းအတည်ပြုသည့်အချိန်၌ ဖယ်ရှားနှင်ထုတ်ခြင်းခံရသည့် တရားသူကြီး၏အတည်ပြုချက်ပါလျှင် ထိုအချိန်မှစ၍ သက်တမ်းကာလအကြုံးဝင်မည်ဖြစ်သည်။

**မိမိအနေဖြင့် မြန်မာနိုင်ငံမှဖြစ်ပြီး၊ အမေရိကန်နိုင်ငံရှိ ရဲအရာရှိထံမှ ပြစ်ဒဏ်လက်မှတ်ရထားလျှင် TPS ကို လျှောက်ထားခွင့် ရနိုင်ပါသလား။**

ရကောင်းရနိုင်ပါသည်။ အချက်အလက်များကို မဖြည့်စွပ်မီ သင့်အနေဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရှေ့နေထံ ထိုပြစ်ဒဏ်လက်မှတ်ရှိကြောင်း အသိပေးရမည်။ တစုံတယောက်သည် နှစ်ကြိမ်အမှားကျူးလွန်လျှင် သော်လည်းကောင်း၊ ရာဇဝတ်ပြစ်မှုတစုံတခုကို ကျူးလွန်လျှင်သော်လည်းကောင်း TPS ကိုလျှောက်ထားခွင့်မရရှိနိုင်ပါ။ သင်၏ပြစ်ဒဏ်လက်မှတ်အားဖြင့် တစုံတရာပြဿနာရှိလျှင် သင့်၏ရှေ့နေမှတဆင့် သင့်ကို အကြောင်းကြားပါလိမ့်မည်။

**မြန်မာနိုင်ငံမှ မည်ကဲ့သို့သောသူများ TPS ကိုလျှောက်ထားနိုင်ပါသနည်း။**

အမေရိကန်ပြည်ထောင်စုအတွင်း တရားမဝင်နေထိုင်နေသော မြန်မာနိုင်ငံသားတိုင်း TPS ကိုလျှောက်ထားနိုင်သည်။ တဆက်တည်းမှာပင် ဗီဇာသက်တမ်းအခက်အခဲရှိသူများနှင့် အလုပ်လုပ်ခွင့်မရရှိသောသူများအနေဖြင့် TPS လျှောက်ထားခြင်းအားဖြင့် အကျိုးခံစားခွင့်ရရှိနိုင်မှာဖြစ်သည်။ TPS လျှောက်ထားခြင်းအားဖြင့် တစုံတရာထိခိုက်မှုမရှိနိုင်ပါ။

***အကယ်၍ သင့်အနေဖြင့် မြန်မာနိုင်ငံမှ ကျောင်းသားဗီဇာဖြင့် အမေရိကန်နိုင်ငံသို့ရောက်ရှိလာသူဖြစ်ပါက၊ သင်၏ကျောင်းမှ အပြည်ပြည်ဆိုင်ရာ ကျောင်းသားရေးရာရုံးနှင့် ဆက်သွယ်၍ အသေးစိတ်အချက်အလက်များကို ရယူနိုင်ပါသည်။***

**အကူအညီရယူလိုပါက**

The Immigrant Law Center of Minnesota (ILCM) မှ ဝင်ငွေနည်းပါသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာပြဿနာများကို ဥပဒေနှင့်အညီ အခမဲ့ ဝန်ဆောင်လုပ်ကိုင်ပေးလျက်ရှိပါသည်။ ကူညီနိုင်မည့်နည်းလမ်းများကို အသေးစိတ်သိရှိလိုပါက www.ilcm.org (သို့မဟုတ်) ဖုံးနံပါတ် 651-641-1011 သို့ဆက်သွယ်နိုင်ပါသည်။